1/50 p

ပြည်ထောင်စုအဖွဲ့ချုပ်

ည်းရုံးရေးမှူးများလိုက်နာရန်စည်းကမ်းချက်

နှင့်

ည်းရုံးရေးလုပ်ငန်းစဉ်

ညွှန်ကြားချက်။

စည်းရုံးရေးမှူးများလိုက်နာရန်

စည်းကမ်းချက်

၁။ သက်ဆိုင်ရာခရိုင်များသို့ ရောက်လျှင်ရောက်ခြင်း မိမိတို့အား တာဝန်ပေးအပ်သည့် အဖွဲ့ချုပ်မှစာကိုတင်ပြရမည်။

၂။ ခရိုင် အလုပ်အမှုဆောင် အစည်းအဝေးကို အမြန်ဆုံးခေါ်ဆိုစေ၍ စည်းရုံးရေး လုပ်ငန်းစဉ် ညွှန်ကြားချက်ပါ လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ရမည်။

၃။ အဖွဲ့ဝင်ကောက်ခံခြင်းကိစ္စတွင် စည်းရုံးရေးမှူးသည် တာဝန်ခံဖြစ်ရမည်၊ တာဝန်မရှိသူများက စုဆောင်းကောက်ခံပေးသည်ကို လက်ခံခြင်းမပြုရ။

၄။ သက်ဆိုင်ရာ ကျေးရွာ,မြို့မ,မြို့နယ်,ခရိုင် အမှုဆောင်အဖွဲ့သည် အဖွဲ့ဝင် ကောက်ခံရာ၌ စည်းရုံးရေးမှူးများအား အကူအညီ ပေးသော အဖွဲ့များသာဖြစ်ရမည်။

၅။ အဖွဲ့ဝင်များ ကောက်ခံသည့်အခါ အဖွဲ့ချုပ်မှထုတ်ပေးသောပုံစံစာရွက်နှင့်သာ ကောက်ခံရမည်။

၆။ အဖွဲ့ဝင်ကောက်ခံရန် နောက်ဆုံးရက်ကို အဖွဲ့ချုပ်မှ အခါအားလျော်စွာ သတ်မှတ်ချက်အတိုင်း အတိအကျ လိုက်နာဆောင်ရွက်ရမည်။

၇။ မိမိတို့၏လုပ်ငန်းကို ၁၅–ရက်တကြိမ်ကျ အဖွဲ့ချုပ်သို့ အစီရင်ခံစာ မှန်မှန်ပေးပို့ရမည်။

၈။ စည်းရုံးရေးမှူးများ၏ နေထိုင် စားသောက် သွားလာရေးစရိတ်စကများကို အဖွဲ့ချုပ်မှ သတ်မှတ်ထားသည့်အတိုင်းခြိုးခြံစွာသုံးစွဲ၍မည်သူ့ထံကမှ တောင်းခံသုံးစွဲခြင်းမပြုရ။

၉။ စည်းရုံးရေးမှူးများ အတွက် ထောက်ပံ့ကြေး များကို လစဉ် အဖွဲ့ချုပ်မှ စီစဉ်ပေးပို့မည်။

၁၀။ တာဝန်ကျသော စည်းရုံးရေးမှူး ရဲဘော် အချင်းချင်း သဘောမတိုက်ဆိုင်မှုများရှိခဲ့လျှင် စုပေါင်းဆွေးနွေးသည့်နည်းဖြင့်ဖြေရှင်းရမည်၊ထိုနည်းဖြင့် ဖြေရှင်းမရလျှင် အဖွဲ့ချုပ်သို့တင်ပြ၍ အဖွဲ့ချုပ်၏ အဆုံးအဖြတ်ကို ခံယူရမည်၊ အချင်းချင်းနှုတ်လွန် လက်လွန်မဖြစ်စေရ။

၁၁။ စည်းရုံးရေးမှူးများ၏ ဂုဏ်သိက္ခာနှင့် အဖွဲ့ချုပ်၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် မည်သည့်အပြုအမူမျိုးမှ မပြုရ။

၁၂။ အဖွဲ့ချုပ်မှ ခွင့်ပြုချက်မရလျှင် တာဝန်ပေးထားသည့် နယ်မြေမှအပ အခြားမည်သည့်နယ်မြေများသို့မှ သွားရောက်ခြင်းမပြုရ။

၁၃။ ခရိုင်ညီလာခံများ ကျင်းပပြီးစီးသည်နှင့်တပြိုင်နက်တာဝန်ကျ စည်းရုံးရေးမှူးများသည်၊အဖွဲ့ချုပ်သို့ပြန်လည်ရောက်ရှိပြီး သတင်းပို့ရမည်။

ပြည်ထောင်စုအဖွဲ့ချုပ်
စည်းရုံးရေးလုပ်ငန်းစဉ်
ညွှန်ကြားချက်။

၁။ စည်းရုံးရေးမှူး များသည် မိမိတို့တာဝန်ကျရာ နယ်သို့ရောက်သည်နှင့်တပြိုင်နက် ခရိုင်ပထစအဖွဲ့ အမှုဆောင်များနှင့်နယ်အခြေအနေ အရပ်ရပ်ကို ဆွေးနွေးပြီး စည်းရုံးရေးလုပ်ငန်းကို မည်သို့စီမံသင့်သည်ဟူသော အကြံဥာဏ်များရယူ၍ မြို့နယ်အလုပ် အမှုဆောင်များနှင့် တွေ့ဆုံရန် အစီအစဉ်လုပ်ရမည်။

၂။ မြို့နယ်များအတွက် အစီအစဉ် ပြုလုပ်ပြီးလျှင် ခရိုင်အမှုဆောင်အဖွဲ့မှ တာဝန်ပေးသော ပုဂ္ဂိုလ်များ၏ အကူအညီဖြင့် မြို့နယ်ပထစအမှုဆောင်များကို ချိန်းဆိုပြီး မြို့နယ်အတွင်းရှိ အခြေခံကျေးရွာ– ရပ်ကွက်တို့တွင် အဖွဲ့ဝင်များကောက်ခံရေးအတွက် အစီအစဉ်များ ပြုလုပ်ရန်ဆွေးနွေး၍အကြံဥာဏ်များရယူပြီး လုပ်ငန်းအစီအစဉ်ရေးဆွဲရမည်။

၃။ အခြေအနေအရ ရေးဆွဲထားသည့် မြို့နယ်အတွင်းစည်းရုံးရေး လုပ်ငန်းစဉ်အရ၊ကျေးရွာ ရပ်ကွက်တို့မှ ကိုယ်စားလှယ်များကို ဘိတ်ခေါ်၍ဖြစ်စေ၊ကျေးရွာ ၄–၅ ရွာစီ၏ကိုယ်စားလှယ်များကို စုပေါင်းခေါ်ယူ၍ဖြစ်စေ။ကျေးရွာ

တိုင်းသို့သွားရောက်ပြီး ရွာလုံးကျွတ် အစည်းအဝေးများ ခေါ်ဆို၍ဖြစ်၊ ပထစအဖွဲ့၏ ဝါဒလုပ်ငန်းစဉ်များကိုဟောပြော၍ အဖွဲ့ဝင်ခွင့် တောင်းလွှာများကို ဝေငှပေးရမည်။

၄။ မြို့ပေါ်ဒေသအတွက် သင့်လျော်သော ရပ်ကွက်တိုင်းတွင် ဟောပြောပွဲများကျင်းပပြီး အဖွဲ့ဝင်ခွင့် တောင်းလွှာများကိုဝေငှပေးရမည်။

၅။ ထိုသို့ပေးပို့ ဝေငှထားသည့် အဖွဲ့ဝင်ခွင့်လွှာများ အတွက် မြို့ပေါ် ရပ်ကွက် များတွင် မည်သည့်နေ့တွင် လိုက်လံသိမ်းယူမည်၊ ကျေးရွာများမှ အဖွဲ့ဝင်ခွင့်လွှာများကို မည်သည့်နေ့ရက်တွင် မည်သည့်နေရာဒေသသို့ အရောက်ပေးပို့ရမည်ကို မူလဆွေးနွေးပွဲများတွင်ပင် သတ်မှတ်ပေးလိုက်ရမည်။

၆။ အဖွဲ့ဝင်ခွင့်တောင်းသူများအနက်မှ အဖွဲ့ဝင်အဖြစ် လက်မခံသင့်သူများကို ဝင်ခွင့်တောင်းသူ အချင်းချင်းထဲမှ ကန့်ကွက်လိုသူရှိက စာဖြင့်ရေးသား ကန့်ကွက်နိုင်ကြောင်းကို ဆွေးနွေးပွဲများတွင် တပါတည်းကြေညာရမည်။

၇၊ အဖွဲ့ဝင်များအား ယခုနှစ်အတွက် ဝင်ကြေး ၁ိ–ကိုသာ ကောက်ခံမည် ဖြစ်သည့်အတိုင်း အဖွဲ့ဝင်ခွင့်တောင်းလွှာနှင့်အတူ အဖွဲ့ဝင်တဦးလျှင်ငွေ ၁ိ–ကျပေးသွင်းစေရမည်၊ ထိုငွေအတွက် ငွေရကြောင်းပြေစာဖြတ်ပိုင်း တစောင်စီပေးရမည်။

၈။ ရရှိသောအဖွဲ့ဝင် လျှောက်လွှာများကို မြို့နယ်ပထစအဖွဲ့အမှုဆောင်များသို့ လွှဲအပ်၍ လက်ခံသင့်, မသင့်စိစစ်ဆုံးဖြတ်စေရမည်၊ ထိုသို့ဆုံးဖြတ် လက်ခံပြီးသော အဖွဲ့ဝင်များ

အတွက် အဖွဲ့ဝင်များမှတ်ပုံတင် ပုံစံ(ခ)တွင်မိတ္တူ ၄စောင်ရေးသွင်း၍(၁)အခြေခံ။ (၂)မြို့နယ်။ (၃)ခရိုင်။ (၄)အဖွဲ့ချုပ်စသည်ဖြင့် တစောင်စီ ပေးပို့ရမည်၊ အဖွဲ့ဝင်အဖြစ်လက်မခံနိုင်သူများအား မည်သည့်အတွက် လက်မခံနိုင်ကြောင်း အကြောင်း ကြားစာနှင့်အတူ ပေးသွင်းထားသည့် ငွေ ၁ိ–ကိုပြန်လည်ထုတ်ပေးရမည်။

၉။ အဖွဲ့ဝင်အဖြစ် လက်ခံရန်မသင့်ကြောင်း ကန့်ကွက်ချက်မရှိသော အဖွဲ့ဝင်ခွင့် တောင်းသူများ အတွက် အဖွဲ့ဝင်ခွင့်တောင်းသူအချင်းချင်း ဝင်ခွင့်ပြုသင့်ကြောင်း ထောက်ခံသည်ဟုမှတ်ယူရမည်။

၁၀။ မြို့နယ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လက်ခံသင့်,မသင့် သဘောကွဲလွဲမှုရှိသော ကိစ္စများနှင့် မြို့နယ်အမှုဆောင်အဖွဲ့မှ အဖွဲ့ဝင်အဖြစ်လက်မခံသင့်ဟု ပယ်ထားခံထားရသူများက မကျေနပ်၍ စောဒကတက်သည့် ကိစ္စများအတွက် အဖွဲ့ချုပ်မှ တာဝန်ပေးအပ်မည့် စိစစ်ရေး အဖွဲ့က ပြန်လည်စိစစ်မည်။

၁၁။ အဖွဲ့ဝင်အဖြစ် လက်ခံသူများ အတွက် ၎င်းတို့ပေးသွင်းသော ဝင်ကြေးငွေ ၁ိ–စီနှင့်အတူ (ခ) ပုံစံကို အဖွဲ့ချုပ်သို့ပေးပို့၍ အဖွဲ့ဝင်လက်မှတ်များ ထုတ်ယူရမည်၊ အဖွဲ့ဝင်ကြေးငွေမှ ကျေးရွာမြို့နယ် ခရိုင်အဖွဲ့တို့က အချိုးကျရသင့်ငွေကို ခရိုင်ညီလာခံ ပြီးသောအခါ ပြန်လည်ထုတ်ပေးလိမ့်မည်။

၁၂။ တာဝန်ခွဲဝေ၍ စည်းရုံးရေးဆောင်ရွက်ရာတွင်မိမိတို့ရောက်ရှိသွားသော ခရိုင်နယ်ပယ်၏ အခြေအနေအရ စည်းရုံး

ရေးမှူးများသည် စုံပေါင်း၍ဖြစ်စေ၊ တဦးစီတာဝန်ခွဲ၍ဖြစ်စေ၊ သင့်လျော်သလို ဆောင်ရွက်ရန်ခွင့်ပြုသည်။

၁၃။ ကောက်ခံရရှိသော အဖွဲ့ဝင်ကြေးငွေများကို အဖွဲ့ဝင်ခွင့်တောင်းခံလွှာနှင့်အတူ မြို့နယ်အဖွဲ့မှ ဘဏ္ဍာရေးမှူး သို့မဟုတ် အတွင်းရေးမှူး၊သို့မဟုတ် ဥက္ကဋ္ဌသို့ ပေးအပ်ရမည်၊ ပေးအပ်သည့် အဖွဲ့ဝင်ခွင့်တောင်းခံလွှာနှင့်ငွေရရှိကြောင်း ဆိုင်ရာပုဂ္ဂိုလ်ထံမှ လက်မှတ်တောင်းထားရမည်။

၁၄။ မြို့နယ်အဖွဲ့ဖြစ်စေ, ခရိုင်အဖွဲ့ဖြစ်စေ, မရှိသော သို့မဟုတ် ဖျက်သိမ်းထားသော ခရိုင်များတွင်၊ စည်းရုံးရေး စတင်ဆောင်ရွက်ရေးအတွက်ဆွေးနွေး ရာ၌လူတန်းစားအဖွဲ့များ၏အကူအညီကိုရယူဆောင်ရွက်နိုင်သည်၊သို့ရာတွင် အဖွဲ့ဝင်ကြေးများကိုမူ စည်းရုံးရေးမှူးများအတွင်းမှ မိမိတို့ဘာသာ ရွေးချယ်တာဝန်ပေးအပ်သူသို့ အပ်နှံထားရမည်။

၁၅။ ကောက်ခံရရှိသည့် အဖွဲ့ဝင်ကြေးများကို ၅၀ဝိ၊(ကျပ်ငါးရာ)ပြည့်တိုင်း, ပြည့်တိုင်း၊အဖွဲ့ချုပ်သို့ အမြန်ဆုံးပေးပို့ရမည်၊စည်းရုံးရေးမှူးများအထဲမှ ငွေထိန်းရန် တာဝန်ပေးခံရသူသည် ဝင်ငွေထွက်ငွေစာရင်းမှတ်ရန် စာအုပ်တအုပ်ထား၍ နေ့စဉ်ရေးသွင်းထားရမည်။

၁၆။ စည်းရုံးရေးအချိန်ဇယားကို ယခုစည်းရုံးရေး နှစ်အတွက် ၁၉၆၀–ခု၊စက်တင်ဘာလ ၃၀-ရက်နေ့မတိုင်မီ အခြေခံညီလာခံခေါ်ဆိုရန်သတ်မှတ်၍ ၎င်းသတ်မှတ်သည့် နောက်ဆုံးရက်မတိုင်မီ ဆိုင်ရာညီလာခံများကို ပြီးစီးအောင် ခေါ်ဆိုနိုင်ရန် အချိန်မှီစည်းရုံးရမည်။

ပြည်ထောင်စုအဖွဲ့ချုပ်
စည်းရုံးရေးလုပ်ငန်းစဉ်ညွှန်ကြားချက်
နောက်ဆက်တွဲ-က။

စည်းရုံးရေးလုပ်ငန်းစဉ် ညွှန်ကြားချက်အပိုဒ် ၈–အရ၊အဖွဲ့ဝင်များ စိစစ်လက်ခံရာတွင် ဖျက်သိမ်းခြင်းခံထားရသော မြို့နယ်များအတွက်၊ မည်သို့ ဆောင်ရွက်ရမည်ကိုရင်း၊ အခြေခံညီလာခံများကျင်းပရေးအတွက် မည်သို့စီစဉ်ရမည်ကိုရင်း၊ စည်းရုံးရေးလုပ်ငန်းစဉ် ညွှန်ကြားချက်တရပ်ကို အောက်ပါအတိုင်း သတ်မှတ်လိုက်ပါသည်။

(၁) မြို့နယ်အဖွဲ့ ဖျက်သိမ်းထားသော နေရာများတွင် အဖွဲ့ဝင်လျှောက်လွှာများ စိစစ်လက်ခံရန်အတွက် ဆိုင်ရာအဖွဲ့ချုပ်များမှ တရားဝင်အသိအမှတ် ပြုထားသော အလုပ်သမား (ယူအယ်လ်အို)လယ်သမား(ဗတလစ)နှင့်စီးပွါးကုန်သွယ်ရေးအဖွဲ့(စပကသ)မှ ကိုယ်စားလှယ်တဦးစီနှင့် အမျိုးသမီးကိုယ်စားလှယ် တဦး၊ လူငယ်ကိုယ်စားလှယ်တဦး၊ မြို့နယ်ဆိုင်ရာ ပါလီမန်အမတ် (ရှိလျှင်)တို့ပါဝင်သော လျှောက်လွှာ စိစစ်ရေးအဖွဲ့တခု ဖွဲ့စည်းပြီး၊ တာဝန်ကျစည်းရုံးရေးမှူးက သဘာပတိလုပ်၍ စိစစ်ရမည်။

(၂) ၎င်းအဖွဲ့မှ လက်မခံသင့်ဟု ပယ်ချခံရသည့် အဖွဲ့ဝင်လိုသူများအတွက်ဖြစ်စေ၊ မြို့နယ်စိစစ်ရေးအဖွဲ့မှ အဖွဲ့ဝင်အချင်းချင်း သဘောကွဲလွဲ၍ ဆုံးဖြတ်မရသည့် အဖွဲ့ဝင် လျှောက်လွှာများအတွက်ဖြစ်စေ၊ စိစစ်နိုင်ရန် အောက်ပါစိစစ်ရေးအဖွဲ့ကို စည်းရုံးရေးလုပ်ငန်းစဉ် ညွှန်ကြားချက်အပိုဒ် ၁၁–အရ၊အဖွဲ့ချုပ်မှ ခန့်ထားမည်။

(၁) ဥက္ကဋ္ဌ ခရိုင် ပထစအဖွဲ့။
(၂) အတွင်းရေးမှူး ခရိုင် ပထစအဖွဲ့။
(၃) အလုပ်သမား (ယူအယ်လ်အို)ကိုယ်စားလှယ် ၁–။
(၄) လယ်သမား (ဗတလစ)ကိုယ်စားလှယ် ၁–။
(၅) စီးပွါးကုန်သွယ်ရေး(စပကသ)ကိုယ်စားလှယ် ၁–။
(၆) အမျိုးသမီးကိုယ်စားလှယ် ၁–။
(၇) လူငယ်ကိုယ်စားလှယ် ၁–။
(၈) ခရိုင်တွင်းရှိ ပထစ အဖွဲ့ဝင် လူမျိုးစုအမတ်များ။

(မှတ်ချက်)။ ။ခရိုင်အဖွဲ့ ဖျက်သိမ်းထားသော ဒေသများတွင် ဗဟိုစည်းရုံးရေးမှူးနှင့် ခရိုင်စည်းရုံးရေးမှူး ၁–ဦးကို ဥက္ကဋ္ဌ-အတွင်းရေးမှူးအဖြစ် ခန့်ထားပေးမည်။

(၃) ကောက်ခံရရှိသည့် အဖွဲ့ဝင်ကြေးငွေများကို စည်းရုံးရေးလုပ်ငန်းစဉ် ညွှန်ကြားချက်အပိုဒ် ၁၅–အရ၊ ပေးပို့ပြီးသည့်မြို့နယ်များအတွက် စည်းရုံးရေး လုပ်ငန်းစဉ် ညွှန်ကြားချက်အပိုဒ်၈–အရ၊ အဖွဲ့ချုပ်သို့ ပုံစံ(ခ) ပေးပို့ရရှိသည်နှင့်တပြိုင်နက် အဖွဲ့ဝင် လက်မှတ်များ ထုတ်ယူရမည်။

(၄) ထုတ်ယူရရှိသည့် အဖွဲ့ဝင်လက်မှတ်များကို ဆိုင်ရာအဖွဲ့ဝင်များသို့ ပြန်လည်ဝေငှပေးပြီးနောက် စည်းရုံးရေးလုပ်ငန်းစဉ် ညွှန်ကြားချက်အပိုဒ် ၁၆–အရ၊ သတ်မှတ်ထားသည့် အချိန်မှီ အခြေခံညီလာခံများခေါ်ဆိုရန် ရက်သတ်မှတ်ပေးပြီး၊ အဖွဲ့ချုပ်သို့အနည်းဆုံး ၇–ရက် ကြိုတင် အကြောင်းကြားရမည်။

(၅) အခြေခံညီလာခံများကျင်းပရန် အချိန် သတ်မှတ်ချက်ရရှိသည်နှင့် ညီလာခံကြီးကြပ်ရေးအဖွဲ့များကို အဖွဲ့ချုပ်မှ ဖွဲ့စည်းခန့်အပ်ပေးလိမ့်မည်။

ပြည်ထောင်စုအဖွဲ့ချုပ်

စည်းရုံးရေးလုပ်ငန်းစဉ်

ညွှန်ကြားချက်နောက်ဆက်တွဲ (ခ)

အခြေခံညီလာခံများကျင်းပခြင်း

ပြည်ထောင်စုအဖွဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းအခန်း–၄ အပိုဒ် ၁၆–အရ၊ အခြေခံညီလာခံများ ခေါ်ဆိုရေးအတွက်၊ အောက်ပါအတိုင်း စည်းကမ်းချက်များ သတ်မှတ်လိုက်သည်။

(၁) ပြည်ထောင်စုအဖွဲ့ အခြေခံညီလာခံများ ကျင်းပရာတွင် လုပ်ငန်းစဉ်ညွှန်ကြားချက်နောက်ဆက်တွဲ(က) အပိုဒ်–၄ အရ အဖွဲ့ချုပ်သို့အကြောင်းကြားပြီး အဖွဲ့ချုပ်မှ ပြန်ကြားချက်ရမှ ကျင်းပရမည်။

(၂) အခြေခံညီလာခံများကျင်းပရာတွင်၊ကြီးကြပ်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့များကို အောက်ပါအတိုင်းဖွဲ့ရမည်။ မြို့နယ်တခုအတွင်းတွင် တခုထက်ပို၍ ဖွဲ့နိုင်က ဘယ်နှစ်ဖွဲ့ မဆို ဖွဲ့နိုင်သည်၊ ဖွဲ့စည်းပြီး ကြီးကြပ်ရေးအဖွဲ့၏ အမည်စာရင်းကို အဖွဲ့ချုပ်မှ ခန့်ထားပေးရန်အတွက်၊ အဖွဲ့ချုပ်သို့ အမြန်ပေးပို့ရမည်၊(စည်းရုံးရေးလုပ်ငန်းစဉ် ညွှန်ကြားချက်နောက်ဆက်တွဲ–ခ–အပိုဒ်၅–အရ။)

(၁) ခရိုင် ပထစ ကိုယ်စားလှယ် တယောက်။
(၂) မြို့နယ် ပထစ ကိုယ်စားလှယ်–၂–ယောက်။
(၃) တာဝန်ကျစည်းရုံးရေးမှူး –၁–ယောက်။

မှတ်ချက်။ ။ဖျက်သိမ်းထားသော ခရိုင်ပထစ အဖွဲ့နှင့် မြို့နယ်

ပထစ အဖွဲ့တို့မှ ကိုယ်စားလှယ်အတွက်၊ စည်းရုံးရေး လုပ်ငန်းစဉ် ညွှန်ကြားချက်၊ နောက်ဆက်တွဲ (က) အပိုဒ်- ၁-နှင့် ၂-တို့အရ ဖွဲ့စည်းထားသော လျှောက်လွှာစိစစ်ရေးများမှ ရွေးချယ်ရမည်။

(၃) စည်းရုံးရေးမှူးများထံမှ အခြေခံ ညီလာခံ ခေါ်ဆိုခွင့် တောင်းဆို၍ အဖွဲ့ချုပ်မှ ခွင့်ပြုလိုက်သည့် အခြေခံညီလာခံ ရက်ချိန်းများကို ကြီးကြပ်ရေးအဖွဲ့ဝင်များအတွက် ဆိုင်ရာ ခရိုင် ပထစ အဖွဲ့၊ မြို့နယ် ပထစ အဖွဲ့နှင့် စည်းရုံးရေးမှူး တို့ ထံသို့ အကြောင်းကြားမည်၊ ထိုအကြောင်းကြားစာရလျှင် အခြေခံ ညီလာခံ ကျင်းပမည့်ဒေသသို့ မိမိတာဝန်ဖြင့် သွားရောက်ကြီးကြပ်ရမည်။

မှတ်ချက်။ ကြိုတင်အကြောင်းကြားထားပါလျက် ညီလာခံသို့ရောက်လာခြင်းမရှိသော မည်သည့် ကြီးကြပ်ရေးအဖွဲ့ဝင်အတွက်ကြောင့်မှ၊ သတ်မှတ်ထားသည့်ညီလာခံကို ရွှေ့ဆိုင်းခြင်းမပြုစေရ။

(၄) အခြေခံညီလာခံများ ကျင်းပရာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း အခန်း- ၄- အပိုဒ်- ၁၂၊ ၁၃၊ ၁၄၊ နှင့် ၁၅ အရ နှင့် နည်းဥပဒေအခန်း-၂-အပိုဒ် ၃၂၊ ၃၃၊ ၃၄၊ ၃၅-နှင့် ၃၆- တို့အရ အောက်ပါ လုပ်ငန်းချပ်များကို အဆင့်ဆင့် ဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့များက တာဝန်ယူ ကြီးကြပ်ရမည်။

(၁) အဖွဲ့ဝင်လက်မှတ်ရှိသူများသာ ညီလာခံသို့ တက်ခွင့်ပြုရမည်၊ အဖွဲ့ဝင် ၅၀- ရာခိုင်နှုန်း တက်လျှင် အစည်းအဝေး အထမြောက်သည်။

(၂) ညီလာခံစလျှင်စချင်း ယာယီသဘာပတိတဦးနှင့် ယာယီအကျိုးဆောင်တဦးတို့ကို ရွေးကောက်တင်မြှောက်ရမည်။

(၃) ယာယီသဘာပတိက စံနစ်တကျအုပ်ချုပ်ပြီး၊ ဦးစီးအဖွဲ့ဝင် ၁၅-ဦးကိုရွေးရမည်၊

(၄) ၎င်းနောက် အခြေခံအဖွဲ့၏ ဥက္ကဋ္ဌကိုရွေးရမည်၊ ဥက္ကဋ္ဌအဖြစ်ရွေးသောသူသည် ဦးစီး-၁၅-ဦးထဲတွင် ပါသောသူဖြစ်ရမည်။

(၅) ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက် ပြီးသည်နှင့် တပြိုင်နက်၊ ယာယီသဘာပတိ တာဝန်ကုန်ဆုံး၍ ဥက္ကဋ္ဌက ညီလာခံသဘာပတိအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။

(၆) ဥက္ကဋ္ဌက မိမိနှင့် တွဲဘက်ဆောင်ရွက်မည့် အခြေခံ အမှုဆောင် အဖွဲ့ဝင်များကို ခန့်ထားကြေညာရမည်၊ ၎င်းအမှုဆောင်အဖွဲ့ဝင်များမှာလည်း ဦးစီးအဖွဲ့ဝင် ၁၅-ဦးထဲမှဖြစ်ရမည်။သို့ရာတွင် ဥက္ကဋ္ဌနှင့် အမှုဆောင်အဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း အခန်း-၃ အပိုဒ် ၄ နှင့် ညီညွတ်သူများဖြစ်ရမည်။

မှတ်ချက်။ အထက်အပိုဒ်များပါ ရွေးကောက် တင်မြှောက်သည့် ကိစ္စများတွင် အပြိုင်အဆိုင်ရှိက လျှို့ဝှက် မဲစံနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်။

(၇) အမှုဆောင်များ ကြေညာပြီးနောက် အောက်ပါ တို့ကို ဆက်လက်ဆောင်ရွက်ရမည်။

(က) မြို့နယ်ညီလာခံ ကိုယ်စားလှယ်ရွေးခြင်း။
(ခ) မြို့နယ်ဦးစီးရွေးခြင်း။
(ဂ) အဆိုများကို ဆွေးနွေးဆုံးဖြတ်ခြင်း။

မှတ်ချက်။ အထက်ပါ အပိုဒ်- ၇ - ကို ဆောင်ရွက်ရာတွင် ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်း နည်းဥပဒေ အခန်း-၂ အပိုဒ် ၃၇-၃၈-၃၉ တို့အရ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

(၅) အခြေခံညီလာခံကျင်းပပြီးစီးပြီးနောက်အခြေခံညီလာခံ

ပုံစံတွင်ဖြည့်သွင်း၍ ကြီးကြပ်သူများနှင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးပြီးလျှင် မြို့နယ်-ခရိုင်နှင့် အဖွဲ့ချုပ်သို့ တစောင်စီပေးပို့ပြီး လက်ခံတစောင် အခြေခံတွင် ထားရှိခဲ့ရမည်။

ပြည်ထောင်စုအဖွဲ့ချုပ်

စည်းရုံးရေးလုပ်ငန်းစဉ်

ညွှန်ကြားချက်နောက်ဆက်တွဲ-၈။

ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း ရှင်းလင်းချက်

စည်းရုံးရေး လုပ်ငန်းစဉ် ညွှန်ကြားချက်များအရ၊ပြည်ထောင်စု အဖွဲ့ အခြေခံညီလာခံများ ခေါ်ဆိုကျင်းပရာတွင်၊ ဖွဲ့စည်း အုပ်ချုပ်ပုံ စည်းမျဉ်းပါ အပိုဒ်အချို့အတွက်၊အောက်ပါအတိုင်းဆောင်ရွက်ရန် ရှင်းလင်းဖော်ပြလိုက်သည်။

(၁) ပြည်ထောင်စုအဖွဲ့၊ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းအခန်း၃-အပိုဒ်-၈-အပိုဒ်ငယ် (၄) တွင်ပါရှိသော စီးပွားရေးအဖွဲ့ တခုခု ဆိုသည်မှာ လူတန်းစားအလိုက် စီးပွားရေးအဖွဲ့အစည်းများ၊အသက်မွေးငမ်းကျောင်းလုပ်ငန်းကိုအဓိကထားပြီး၊ ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် သမဝါယမ အဖွဲ့အစည်းများဖြစ်သည်။

(၂) အခြေခံအဖွဲ့တခုလျှင် အဖွဲ့ဝင်အနည်းဆုံး (၃၀)ရှိရမည်၊ ဟု သတ်မှတ်ထားသဖြင့်၊ အဖွဲ့ဝင် ၅၀-မပြည့်သော အခြေခံ အဖွဲ့တဖွဲ့သည်၊ မြို့နယ်ကိုယ်စားလှယ် နှစ်ဦးနှင့် မြို့နယ်ဦးစီး တဦးသာ

လျှင် ရွေးချယ်နိုင်သည်၊ (အဖွဲ့ဝင် ၅၀-မပြည့်သော အခြေခံ အဖွဲ့အတွက် မြို့နယ် ကိုယ်စားလှယ် နှစ်ဦးမှာ ၎င်းအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး နှစ်ဦးသာဖြစ်သည်) ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း အခန်း-၄ အပိုဒ်-၁၁-နှင့် ၎င်းနည်းဥပဒေ အခန်း ၂- အပိုဒ် ၃၇ ၃၈ နှင့်၊ ၃၉ အရ။

(၃) အဖွဲ့ဝင်ဦးရေ ၅၀-ပြည့်သောအခြေခံအဖွဲ့သည်၊ မြို့နယ်ညီလာခံကိုယ်စားလှယ်တဦးနောက်ထပ်ရွေးနိုင်၍၊နောက်ထပ် ၅၀-ပြည့်တိုင်းမြို့နယ်ကိုယ်စားလှယ်တဦးကျထပ်ဖြည့်ရွေးချယ်နိုင်သည်၊ (သို့ကြောင့်အဖွဲ့ဝင် ၅၀-ပြည့်လျှင် မြို့နယ်ကိုယ်စားလှယ် ၃-ဦး၊ ၁၀၀-ပြည့်လျှင် ၄-ဦး၊ ၁၅၀-ပြည့်လျှင် ၅-ဦးစသည်ဖြင့် အဖွဲ့ဝင် ၅၀-ပြည့်တိုင်း တဦးတိုး၍ရွေးချယ်နိုင်သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းနည်းဥပဒေအပိုဒ် ၃၈-အရ။)

(၄) အခြေခံအဖွဲ့တဖွဲ့လျှင် အဖွဲ့ဝင်အနည်းဆုံး ၃၀-မှ ၉၉-ယောက်အထိ မြို့နယ်ဦးစီးတဦး ရွေးချယ်နိုင်သည်၊ (သို့ကြောင့် အခြေခံအဖွဲ့တဖွဲ့သည်၊ အဖွဲ့ဝင် ၁၀၀-မပြည့်လျှင် မြို့နယ်ဦးစီးတဦးသာရွေးချယ်နိုင်၍ ၁၀၀-ပြည့်လျှင် ၂-ဦး၊ ၂၀၀-ပြည့်လျှင် ၃-ဦး၊ ၃၀၀-ပြည့်လျှင် ၄-ဦး စသည်ဖြင့် ရွေးချယ်နိုင်သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းနည်းဥပဒေအပိုဒ် ၃၉-အရ။)

(၅) မြို့နယ်ဦးစီးများရွေးချယ်ရာတွင် မြို့နယ်ညီလာခံ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံထားရသောပုဂ္ဂိုလ်များအထဲမှရွေးချယ်ရမည်၊ အခြေခံညီလာခံပုံစံကို ဤညွှန်ကြားချက်နှင့်အတူ ပူးတွဲဖော်ပြလိုက်သည်၊ ၎င်းပုံစံအတိုင်း ရေးသားအသုံးပြုရန်ဖြစ်သည်၊ (စည်းရုံးရေးလုပ်ငန်းစဉ်ညွှန်ကြားချက်နောက်ဆက်တွဲ (ခ)၊ အပိုဒ် ၅-အရ။)

မှတ်ချက်။ အခြေခံညီလာခံပုံစံမှာ မြို့နယ်၊ခရိုင်၊ အဖွဲ့ချုပ်များသို့ အစီရင်ခံသည့်ပုံစံသာဖြစ်၍၊ ညီလာခံအသေးစိပ်ဆောင်ရွက်ချက်များ (အဆိုသွင်းသူ၊ ထောက်ခံသူစသည်တို့ပါ) ကို မှတ်တမ်းထားရှိရမည်။

ပြည်ထောင်စုတဝှမ်းလုံးတွင် ခရိုင်အလိုက် အနည်းဆုံးအဖွဲ့ဝင်ဦးရေကို အောက်ပါအတိုင်းသတ်မှတ်သည်။

၁။	မြစ်ကြီးနားခရိုင်	၅၀၀၀။
၂။	ဗန်းမော်ခရိုင်	၃၀၀၀။
၃။	ကသာခရိုင်	၁၀၀၀၀။
၄။	ရွှေဘိုခရိုင်	၁၀၀၀၀။
၅။	အောက်ချင်းတွင်းခရိုင်(မုံရွာ)	၁၀၀၀၀။
၆။	အထက်ချင်းတွင်းခရိုင်(မော်လိုက်)	၄၀၀၀။
၇။	နာဂတောင်တန်းခရိုင်	၁၀၀၀။
၈။	ချင်းဝိသေသတိုင်း (တောင်ပိုင်းချင်းတောင်)	၃၀၀၀။
၉။	ချင်းဝိသေသတိုင်း(မြောက်ပိုင်းချင်းတောင်)	၅၀၀၀။
၁၀။	စစ်ကိုင်းခရိုင်	၅၁၀၀၀၊
၁၁။	မန္တလေးခရိုင်	၂၀၀၀၀၊
၁၂။	ကျောက်ဆည်ခရိုင်	၅၀၀၀။
၁၃။	မြင်းခြံခရိုင်	၁၀၀၀၀။
၁၄။	မိတ္ထီလာခရိုင်	၁၀၀၀၀။
၁၅။	ရမည်းသင်းခရိုင်	၁၀၀၀၁။
၁၆။	ပခုက္ကူခရိုင်	၁၀၁၀၀။
၁၇။	မကွေးခရိုင်	၁၀၀၀၀။
၁၈။	သရက်ခရိုင်	၅၁၀၀။
၁၉။	ပြည်ခရိုင်	၁၀၀၀၀။
၂၀။	သာယာဝတီခရိုင်	၁၀၀၀၀။
၂၁။	တောင်ငူခရိုင်	၁၀၁၀၀။
၂၂။	ဟံသာဝတီခရိုင်	၁၀၀၀၀။
၂၃။	သထုံခရိုင်	၅၀၀၀။
၂၄။	ကျိုက္ခမိခရိုင်	၁၀၀၀၀။
၂၅။	ထားဝယ်ခရိုင်	၃၀၀၀။
၂၆။	မြိတ်ခရိုင်	၅၀၀၀။
၂၇။	မအူပင်ခရိုင်	၈၀၀၀။
၂၈။	ဖျာပုံခရိုင်	၅၀၀၀။
၂၉။	မြောင်းမြခရိုင်	၁၀၀၀၀။
၃၀။	ဟင်္သာတခရိုင်	၈၀၀၀။
၃၁။	စစ်တွေခရိုင်	၃၀၀၀။
၃၂။	ကျောက်ဖြူခရိုင်	၅၀၀၀။
၃၃။	သံတွဲခရိုင်	၃၀၀၀။
၃၄။	ဖါးအံခရိုင်	၅၀၀၀။
၃၅။	အင်းစိန်ခရိုင်	၇၀၀၀။
၃၆။	ပဲခူးခရိုင်	၈၀၀၀။
၃၇။	ရန်ကုန်ခရိုင်	၃၀၀၀၀။
၃၈။	မင်းဘူးခရိုင်	၅၀၀၀။
၃၉။	ပုသိမ်ခရိုင်	၀၁၀၀၀။

မတင်နွဲ့

ဗ-တ-လ-စ ပုံနှိပ်တိုက်၊ အမှတ် ၃၉၇ ပြည်လမ်း၊ ရန်ကု

မတင်နွဲ့